## ၁၉၉၅ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ
## နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးခြင်း လုပ်ထုံးလုပ်နည်းများ

၁။ နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက် လျှောက်ထားလိုသည့် ကုမ္ပဏီ၊ သမဝါယမအသင်းများ သိရှိနိုင်ရန် ကြေညာချက်ပါအတိုင်း ကုမ္ပဏီ၊ သမဝါယမအသင်းများက လုပ်ကွက် မြေပုံပူးတွဲ၍ လျှောက်ထားလာပါက သက်ဆိုင်ရာ ရတနာနယ်မြေအလိုက် လျှောက်ထားလာသည့်မြေနေရာကို သတ်မှတ်ချက်များနှင့်လွတ်ကင်းမှုရှိ/မရှိ၊ အကျိုးတူလုပ်ကွက်ချထားပေးရန် သင့်/မသင့်တို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်း ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့က တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစေပါသည်။

၂။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ကွင်းဆင်းစစ်ဆေးတင်ပြချက်ရရှိပါက သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဆောင်၍ ဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများ ပါဝင်သော ကျောက်မျက် ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြပါသည်။

၃။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်း ကော်မတီ က ကော်မတီအစည်းအဝေးတွင် တင်ပြချက်များကို စိစစ်၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီသို့ သဘောထားမှတ်ချက်များဖြင့် ဆက်လက်တင်ပြပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီက ညှိနှိုင်းဆွေးနွေးပြီး သတ်မှတ် ချက်များနှင့်လွတ်ကင်းသည့် လုပ်ကွက်မြေနေရာများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသည့်ကုမ္ပဏီသို့ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရန် လုပ်ကိုင်ခွင့် ချထား ပေးပါသည်။

၅။ လုပ်ကိုင်ခွင့်ရအကျိုးတူလုပ်ကွက်အတွက် (၁)ဧကလျှင် ကျပ်(၁၀)သိန်းနှုန်းဖြင့် အဆိုပြုငွေပေးသွင်းခြင်း၊ လုပ်ကိုင်ခွင့်ရမြေဧရိယာအလိုက် သတ်မှတ်အာမခံစပေါ်ငွေပေးသွင်းခြင်းများ ဆောင်ရွက်ပြီးပါက နှစ်ဘက်သဘော တူစာချုပ်ကို ချုပ်ဆိုပါသည်။

၆။ နိုင်ငံတော်နှင့်အကျိုးတူလုပ်ကိုင်ခွင့်ပြုသည့် နှစ်ဘက်သဘောတူစာချုပ်ကို သက်ဆိုင်ရာနယ်တူးဖော်ရေး ဌာနများသို့ သွားရောက်ဆက်သွယ်ပြသပါက ကွင်းဆင်းတိုင်းတာရေးအဖွဲ့ဖြင့် လုပ်ကိုင်ခွင့်ရလုပ်ကွက်ကို လုပ်ကိုင် နိုင်ရေး တိုင်းတာ၍ လုပ်ငန်းရှင်သို့ အပ်နှံပေးပါသည်။

၇။ အကျိုးတူလုပ်ကွက်ကို တူးဖော်လုပ်ကိုင်ရာတွင် အကျိုးတူလုပ်ကွက်လျှောက်ထားလိုသည့်ကုမ္ပဏီ၊ သမ ဝါယမအသင်းများ သိရှိနိုင်ရန်ကြေညာချက် အပိုဒ်(၂၅)ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်စေပါသည်။

**မှတ်ချက်။ ယခုအခါ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြည်သူ့လွှတ်တော်တွင် ညှိနှိုင်း ရေးဆွဲ လျက်ရှိပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပါက မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေကို ဆက်လက်ရေးဆွဲပြီး ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**